# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
# (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)
# ဧရာဝတီတိုင်းဒေသကြီး၊ဟင်္သာတခရိုင်





## မြန်အောင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## ကျေးရွာဖွံ့ဖြိုးရေး(VDP)စီမံချက်(၂၀၁၉-၂၀၂၃)


ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သဲဘို့ကျေးရွာ၊မြန်အောင်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)



ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ မတ် လ ရက်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စကားချီး | ၁ |
| | သဲဘို့ကျေးရွာ အရင်းအမြစ်ပြမြေပုံ | ၃ |
| | သဲဘို့ကျေးရွာ ရာသီခွင်ပြမြေပုံ | ၄ |
| | **အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** | ၅ |
| (၁) | **နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု** | ၅ |
| | (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် | |
| | ( ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | |
| (၂) | **ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ** | ၇ |
| | (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား | |
| | ( ခ) သဘာဝအရင်းအမြစ်များ | |
| (၃) | **ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ** | ၇ |
| | (က) လူဦးရေဆိုင်ရာ အချက်လက်များ | |
| | ( ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု | |
| | ( ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု | |
| | (ဃ) ကျန်းမာရေး နှင့် အာဟာရ | |
| | ( င) ပညာရေးနှင့်ကျွမ်းကျင်မှုများ | |
| | ( စ) ကျား‌မဆိုင်ရာဆက်နွယ်မှု | |
| (၄) | **ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ** | ၁၀ |
| | (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် | |
| | ( ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ | |
| | ( ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | |
| | (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု | |
| | ( င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | |
| | ( စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | |
| | (ဆ) လူငယ်နှင့် ယဉ်ကျေးမှု | |
| | ( ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု–လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး | |
| | (ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး | |
| (၅) | **ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ** | ၁၄ |
| | (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ | |

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) **ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ** ၁၅

(၇) **ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ** ၁၆

(၈) **ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ** ၁၇

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

( ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

( ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) **ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်** ၁၉

(၁၀) **ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ** ၂၀

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

( ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

( ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) **စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း** ၂၂

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

(၁) **ကျေးရွာစီးပွားရေး အခြေအနေ** ၂၇

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ ၂၇

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား ၂၈

ဇယား ၃ ကျား၊မအလိုက်အနည်းဆုံး၊အများဆုံး လုပ်အားခနှုန်းထား ၃၁

ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု ၃၂

ဇယား ၅ ဓါတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ ၃၂

ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ ၃၃

ဇယား ၇ ဝမ်းစာ ဖူလုံမှု ၃၄

ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှု ၃၅

ဇယား ၉ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ ၃၅

ဇယား ၁၀ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ ၃၆
(၂) **ကျေးရွာ၏ဖွံ့ဖြိုးရေးအခြေအနေ** ၃၇
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ ၃၇
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ ၃၈
ဇယား ၁၃ စိုက်ပျိုးမြေပိုင်ဆိုင်မှု ၃၉
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ ၄၀
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း ၄၀
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု ၄၁
ဇယား ၁၇ သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ ၄၂
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ ၄၃
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ ၄၄
ဇယား ၂၀ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် အခွင့်အလမ်းများ ၄၅
ဇယား ၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်ရန်ပြဿနာနှင့်
စိန်ခေါ်မှုများ ၄၆
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက်
အခွင့်အလမ်းများ ၄၈
ဇယား ၂၃ စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက်
ပြဿနာနှင့်အခက်အခဲများ ၄၉
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ၅၀
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းအရင်း ၅၁
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများပြန်ပို့ငွေ ၅၁
ဇယား ၂၇ ကုန်စည်နှင့်ဝန်ဆောင်မှု ၅၂
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း ၅၃
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ
အလေ့အကျင့်နှင့်အခက်အခဲများ ၅၅
ဇယား ၃၀ ပညာရေး နှင့်စာတတ်မြောက်မှု ၅၅
ဇယား ၃၁ ကျောင်းတက်နှုန်း ၅၆
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ ၅၇
ဇယား ၃၃ ပညာရေးအခက်အခဲနှင့်ပြဿနာများ ၅၈
ဇယား ၃၄ အဖြစ်များသောရောဂါ ၅၉
ဇယား ၃၅ လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု ၅၉
ဇယား ၃၆ ကျန်းမာရေးအထောက်အပံ့များ ၆၀
ဇယား ၃၇ သောက်သုံးရေ ရရှိမှု ၆၁
ဇယား ၃၈ အိမ်သာ အမျိုးအစား ၆၂
ဇယား ၃၉ ကျား-မရေးရာ ၆၃
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှု ၆၄

| | | |
|---|---|---|
| ဇယား ၄၁ | ကျေးရွာ၏တံတားတည်ရှိမှု | ၆၅ |
| ဇယား ၄၂ | ရေကြောင်းသယ်ယူပို့ဆောင်ရေး | ၆၆ |
| ဇယား ၄၃ | သယ်ယူပို့ဆောင်ရေးယာဉ်များ | ၆၆ |
| ဇယား ၄၄ | လျှပ်စစ်မီးရရှိမှု | ၆၇ |
| ဇယား ၄၅ | ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ | ၆၇ |
| ဇယား ၄၆ | ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး | ၆၈ |
| ဇယား ၄၇ | ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှုအခြေအနေ | ၆၉ |
| ဇယား ၄၈ | မှုခင်းဖြစ်ပွားမှု အခြေအနေ | ၆၉ |

**နောက်ဆက်တွဲ(၂)**

**အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၇၀

| | |
|---|---|
| ဇယား ၄၃ | ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ |
| ဇယား ၄၄ | ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ |

**နောက်ဆက်တွဲ (၃)**

**ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု အခြေပြဇယား** ၇၃

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထား သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေး အတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်း များကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့ တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက် အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည် ။ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေး ခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက် အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုး မှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ် ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင် မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်း အစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက် နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထား

ပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

မတ်လ၊ ၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
သဲဘိုကျေးရွာ
မြန်အောင်မြို့နယ်




ရေးဆွဲသူ-ဦးအောင်ကိုဝင်း

ရက်စွဲ-၂၅.၃.၂၀၁၈

သံအိုး ကျေးရွာ ရာသီခွင်ပြဇယား၊ မြစ်ကြောင်းမြို့နယ်

| ခွဲခြားချက် | ပြာသိုလ | တပို့တွဲလ | တပေါင်းလ | တန်ခူးလ | ကဆုန်လ | နယုန်လ | ဝါဆိုလ | ဝါခေါင်လ | တော်သလင်းလ | သီတင်းကျွတ်လ | တန်ဆောင်မုန်းလ | နတ်တော်လ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု |  | | | | | | | | | | | |
| အလုပ်အကိုင် | မတ်ပဲရိတ် | ပဲဆေးဖျန်း | မတ်ပဲ ရိတ်သိမ်း | ရွှေဖါးရိုက် | စပါးမျိုးကျဲ | ယာထွန် | ကောက်စိုက် | ကောက်စိုက် | ပေါင်းသင် | စပါး ရိတ်သိမ်း | စပါး ရိတ်သိမ်း | စပါး ရိတ်သိမ်း |
| လက်လုပ်လက်စား မိသားစုဝင်ငွေ ရရှိမှု (မရှိ/နည်း/များ) | ▲▲ | ▲▲ | ▲▲▲▲ | ▲▲ | ▲▲ | ▲▲ | ▲▲▲▲ | ▲▲▲▲ | ▲▲ | ▲▲ | ▲▲▲▲ | ▲▲▲ |
| အသုံးစရိတ် | ▲▲▲ | ▲▲▲ | ▲▲▲▲ | ▲▲▲ | ▲▲ | ▲▲▲▲ | ▲▲▲▲ | ▲▲▲▲ | ▲▲ | ▲▲ | ▲▲▲▲ | ▲▲▲ |
| ချေးငွေလိုအပ်မှု | | | | | | လိုအပ် | | | | လိုအပ် | | |
| ဝမ်းစာဖူလုံမှု | ဖူလုံ | ဖူလုံ | ဖူလုံ | ဖူလုံ | မဖူလုံ | မဖူလုံ | ဖူလုံ | ဖူလုံ | မဖူလုံ | မဖူလုံ | ဖူလုံ | ဖူလုံ |
| သောက်သုံးရေ ရရှိမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| တိရစ္ဆာန် အစာရရှိမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| တိရစ္ဆာန် ရောဂါဖြစ်ပွားမှု | ရှိ | | | ရှိ | ရှိ | | | | ရှိ | ရှိ | | ရှိ |
| ကျန်းမာရေး အခက်အခဲ | | | | | ဝမ်းပျက် ဝမ်းလျှော | | တုပ်ကွေး | တုပ်ကွေး | | | | |
| သီးနှံပိုးမွှား ရောဂါဖြစ်ပွားမှု | | ရှိ | | | | | | ရှိ | ရှိ | | | |
| ပွဲတော် | | | |  | | | | | |  | | |
| ဘာသာရေး နေ့ထူးရက် | | | | | |  |  | | | | | |

 - သင်္ကြန်ပွဲတော်  - ညောင်ရေသွန်း ပွဲတော်  - မီးထွန်းပွဲတော်  - ဝါဆိုခြင်း  - ကျောင်း

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေ ဗျူဟာ နှင့်လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှုးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင် အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာ ကာလ အပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များ ရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေး နှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများ အားတင်ပြမည် ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင် အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ် အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှု များပြုလာနိုင်ပါမည်။

**၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာနှင့်ပထဝီအနေအထား

ကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ မြန်အောင်မြို့နယ် သဲဘို့ ကျေးရွာအုပ်စု၊ သဲဘို့ကျေးရွာဖြစ်ပြီး မြန်အောင်မြို့နယ်၏ အနောက်တောင်ဘက်(၁၅)မိုင် အကွာတွင် တည်ရှိပါသည်။ ကျေးရွာသည် မြေပြန့်ဒေသဖြစ်ပြီး မြေနိမ့်ပိုင်းတွင်တည်ရှိသော ကြောင့် မိုးတွင်းကာလတွင် ချောင်းရေများ စီးဆင်းလာတတ်ပြီး လယ်စိုက်ခင်းများ ရေလွှမ်းမိုးခံရပြီးသီးနှံများပျက်စီးတတ်ပါသည်။ ကျေးရွာ၏အဓိကအသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ လယ်ယာမြေများသည် စပါးနှင့်ပဲစိုက်ပျိုးရန် အတွက် အဓိကအားထားရာဖြစ်ပါသည်။

### (ခ) ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ကျေးရွာသည် နှစ်စဉ် မိုးရေချိန်လက်မ(၈၀)ခန့်ရရှိပြီး သဘာဝပေါက်ပင်များမှာ ဝါး၊ သရက်၊ ကုက္ကိုစသည့် သဘာဝပေါက်ပင်များ အလေ့ကျပေါက်ရောက်ရာဒေသလည်း ဖြစ်ပါ သည်။ မိုးစပါးသီးနှံစိုက်ပျိုးနိုင်သော လယ်(၄၉၉) ဧက၊ မတ်ပဲစသည့် သီးနှံများ စိုက်ပျိုး နိုင်သော ယာ(၅၃၃)ဧက ရှိပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း(၂၁၅)စုနှင့် ကျား(၃၉၃)၊ မ(၃၉၄)ဦးဖြင့် လူဦးရေစုစုပေါင်း (၇၈၇) ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ(၄)ဦးနှုန်းခန့်ရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ(၅)ဦးထက် လျော့နည်းပါသည်။ ကျေးရွာတွင် ဗမာ လူမျိုး အများဆုံးနေထိုင်လျှက်ရှိပြီး အခြားလူမျိုးများ အနည်းငယ် နေထိုင်ကြသည်။ ကျေးရွာ၏ အလုပ်လုပ်နိုင်သည့် အရွယ်သည် ကျေးရွာရှိ လူဦးရေအားလုံး၏ (၇၁) ရာခိုင် နှုန်းရှိပြီး အမျိုးသမီးများမှာ အမျိုးသားထက် ပိုများသဖြင့် အမျိုးသမီးများလုပ်ကိုင်နိုင်သည့် အလုပ်များကိုပါ ထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကို ဖန်တီးပေးနိုင်ပါက လူ့စွမ်းအား အရင်းအမြစ်ကို ထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အကူပြုနိုင် ပါသည်။

### (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် လယ်/ယာစိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေ အနေအထားမှာ ယေဘုယျအားဖြင့် နိမ့်ကျပါသည်။ ဆင်းရဲချမ်းသာမှုအဆင့် သတ်မှတ်ရာ တွင် အိမ်ထောင်စုအားလုံး၏( ၁%)ခန့်သာ ဥစ္စာခနေပြည့်စုံပြီး (၅၀%) ခန့်သာ အသင့်အတင့် ချောင်လည်ကာ (၄၉%)ခန့်မှာ ဆင်းရဲကြပါသည်။ ကျေးရွာတွင် ကိုယ်ပိုင် စိုက်ပျိုးရေး၊

အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စု(၅၀)စုရှိပြီး ကိုယ်ပိုင်စိုက်ပျိုးရေး အနည်းငယ်သာလုပ်ကိုင်သော မပြေလည်သည့် အိမ်ထောင်စု(၁၀၅)စုနှင့် ကျေးရွာရှိ အိမ်ထောင်စု၏(၅၀)သည် မြေယာမဲ့အိမ်ထောင်စုများဖြစ်ပြီး ဆင်းရဲနှင့် အလွန်ဆင်းရဲ အဆင့်များတွင် ရှိနေသော အိမ်ထောင်စုများမှာ နည်းပါးပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများမှာ (၅၀)ခန့်သာရှိသော်လည်း ရာသီဥတု အလိုက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကဝင်ရောက်လုပ်ကိုင်ကြပြီး ဆောက်လုပ်ရေး လုပ်ငန်း၊ လက်လီလက်ကားရောင်းဝယ်ရေး၊ ခေါင်းရွက်ဗျက်ထိုးဈေးရောင်းခြင်း လုပ်ငန်း များတွင်လည်း လုပ်ကိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့်အလွန်ဆင်းရဲ အိမ်ထောင်စု များ၏ (၃၀%)ဖြစ်သော အိမ်ထောင်စု(၂၉)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏(၁၀)မှာ သူတပါး ထံမှ မချေးငှားဘဲ(၃)လခန့်နှင့် (၁၀%)မှာ သူတပါးထံမှ ချေးငှားရန်မလိုဘဲ (၃)လမှ (၅)လခန့်နှင့် (၉%)မှာသူတပါးထံချေးငှားစရာမလိုဘဲ(၆)လမှ(၁၂)လအထိ နပ်မှန် အောင်စား သုံးနိုင်ကြကြောင်း တွေ့ရှိရပါသည်။အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စု အားလုံးသည် အကြွေးငွေ(၁၀၀၀၀၀ိ/-)မှ (၅၀၀၀၀၀ိ/-)အထိ တင်ရှိနေကြ သည်။ ချေးငွေ အများစုကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမအသင်းတို့မှ ချေးယူ ရရှိကြသည်။ ချေးငွေများကို အသုံးပြုကြပုံမှာ စားသုံးရန်၊ ရင်းနှီးမြှုပ်နှံရန်နှင့် ကျန်းမာရေး ကိစ္စရပ်များ အတွက် အဓိကသုံးစွဲကြပြီး ဝင်ငွေရအလုပ်အကိုင်များ၊ ပညာရေးတို့အတွက် ဒုတိယအနေ အထားတွင် သုံးစွဲကြသည်။

ထိခိုက်သက်ရောက်မှု အမျိုးအစားတွင် သစ်တောပြုန်းတီးမှုကိုသာ အသင့်အတင့် အနေအထားတွေ့ရပြီး ကျန်အမျိုးအစားများ ကိုနိမ့်သည့် အနေအထားများတွင်သာ တွေ့ရ သည်။ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် သူများအတွက်အုပ်စုအလိုက် ခွဲခြားသတ်မှတ် ရာတွင်လည်း ထိခိုက်သက်ရောက်မှုမြင့်မား ကြောင်းတွေ့ရသည်။

**(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာရှိ မူလတန်းလွန်ကျောင်းတွင် (၃၀'_၆၀') အုတ်တိုက်ကျောင်းဆောင်(၁) ဆောင်ရှိပြီး အမိုး၊ နံရံ၊ အခင်းအရည်အသွေးမှာ ညံ့ပါသည်။ ကျောင်းဆရာ (၅) ဦးနှင့် ဆရာမ(၂)ဦးရှိပြီး ကျေးရွာခန့်ဆရာမ(၂)ဦး စုစုပေါင်း(၉)ဦးရှိပြီး ဆရာ/ဆရာမ လုံလောက်မှု ရှိပါသည်။ ကျေးရွာတွင် လက်ရှိပညာသင်ကြားနေသော ကျောင်းသား/သူများ မှာ မူလတန်း ကျား(၂၆)ဦး၊ မ(၃၁)ဦး၊ စုစုပေါင်း(၅၇)ဦး၊ အလယ်တန်းကျား(၂၀)ဦး၊ အထက်တန်း ကျား(၄)ဦး၊ မ(၄)ဦး၊ စုစုပေါင်း(၈)ဦး၊ တက္ကသိုလ်/ကောလိပ်ကျား(၃)ဦး၊ မ(၁)ဦး ၊ စုစုပေါင်း (၄)ဦး ပညာသင်ကြား နေကြပြီး မူလတန်းနှင့် အလယ်တန်း ကျောင်းနေ အရွယ်များပြီး

အခြားကျောင်းနေအရွယ် နည်းပါးပါသည်။ ယခုလောလောဆယ်တွင် KG ကျောင်းသား(၇)ဦး ရှိသော်လည်း KGကျောင်းဆောင် သီးသန့်မရှိ၍ အဆင်ပြေသလို သင်ယူနေရပြီး ဝန်ထမ်းအိမ်ယာ မရှိခြင်းတို့ကိုလည်း ကြုံတွေ့နေရပါသည်။ ကျောင်းသား/ သူများအားလုံး အားလပ်ချိန်တွင် အပန်းဖြေကစားနိုင်မည့် အထောက်အကူပစ္စည်းများ စသည်တို့ လုံးဝမရှိသေးပါ။ ကျောင်းသုံးပရိဘောဂ၊ စာရေးခုံ၊ ထိုင်ခုံတို့လည်း ပြည့်စုံမှု မရှိသေးသည်ကို တွေ့ရှိရပါသည်။

အသက်မွေးဝမ်းကျောင်း ပညာသင်ယူနိုင်မှု အခွင့်အလမ်း နည်းပါးမှုကြောင့် ကျွမ်းကျင် လုပ်သားနည်းပါး၍ အခြားနေရာများသို့ ဝင်ငွေနိမ့်အလုပ်များကိုသာ သွားရောက် လုပ်ကိုင်နေရပါသည်။ ရပ်ရွာမိရိုးဖလာ လယ်ယာလုပ်ငန်းခွင်များတွင်လည်း ရာသီချိန် အကန့်အသတ်ဖြင့်သာ ဝင်ငွေနိမ့်ပါးစွာ လုပ်ကိုင်ရ၍ အလုပ်စဉ်ဆက်မပျက်ရေးအတွက် စက်ရုံ၊ အလုပ်ရုံလုပ်ငန်းခွင်များတွင် ကျွမ်းကျင်သောအလုပ်သမားများဖြစ်စေရန် အသက် မွေးဝမ်းကျောင်းပညာသင်တန်းများ ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ပါက များစွာအဆင်ပြေနိုင် ပါသည်။

## ( င)  ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာသည် အင်ပင်တိုက်နယ်ဆေးရုံနှင့် (၈)မိုင်ခန့် ကွာဝေး၍ မြန်အောင်မြို့နယ် ဆေးရုံးသို့ (၁၀)မိုင်ကျော်သွားရပါသည်။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိသည့် အတွက် အခြားကျေးရွာရှိ ကျန်းမာရေးဌာနသို့ သွားရောက်ဆေးကုသမှုများ ခံယူလျှက် ရှိပါသည်။ မြို့နယ်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနများမှ ကျေးရွာသူ/သား များ၏ ကျန်းမာရေးစောင့်ရှောက်မှုများအား ပုံမှန်ပြုလုပ်ပေးလျှက်ရှိပါသည်။ ကျေးရွာတွင် သွေးတိုးရောဂါဖြစ်ပွားမှုမြင့်မားကြောင်း တွေ့ရှိရပါသည်။ ငှက်ဖျားရောဂါ၊ အသက်ရှူ လမ်းကြောင်းကူးစက်ရောဂါ၊ HIV၊ တီဘီရောဂါနှင့် အသည်းရောဂါ(ဘီ၊စီ)ဖြစ်ပွားမှု မရှိ ကြောင်း တွေ့ရှိရပါသည်။ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုတ်ကွေးရောဂါ၊ ဆီးချို ရောဂါ၊ အာဟာရချို့တဲ့မှုရောဂါနှင့် အခြားကူးစက်နိုင်သောရောဂါများ ဖြစ်ပွားမှုနည်းပါး ကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု များ ပုံမှန်ပြုလုပ်လျှက်ရှိပါသည်။ ကျေးလက်ကျန်းမာရေးဌာနမရှိသည့်အတွက် ဝမ်းပျက် ဝမ်းလျှောရောဂါမှ ကင်းဝေးစေရန်အတွက်လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများ ထိရောက်စွာမပြုလုပ်နိုင်ပေ။

## (စ)  ကျားမဆိုင်ရာဆက်နွယ်မှု

ကျား-မဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသား များက ဦးဆောင်လေ့ ရှိပါသည်။ အမျိုးသမီးများသည် အိမ်တွင်းမှု လုပ်ငန်းများဖြစ်သော

ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်းစသော ကိစ္စများဆောင်ရွက်ကြသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနှုတ်ခြင်း၊ ကောက်ရိတ်ခြင်း၊ အမျိုးသားများသည် လယ်ထွန်ခြင်း၊ ပျိုးနှုတ်ခြင်းစသည့် လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ သီတင်းကျွတ်မီးထွန်းပွဲတော်၊ ညောင်ရေသွန်းပွဲတော်၊ သင်္ကြန်ပွဲတော်များ ကျင်းပခြင်း၊ ကျေးရွာရှိဘုန်းတော်ကြီးကျောင်း ဆရာတော်ဘုရား၏ ဦးဆောင်မှုနှင့် ဂေါပကအဖွဲ့များပေါင်းစပ်၍ တရားစခန်းပွဲများ ကျင်းပကြပါသည်။ ကျေးရွာရှိပွဲတော်များနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ကြပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အားခ ပိုမိုရရှိကြသည်။ ဒေသတွင်းအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏အခန်းကဏ္ဍနည်းပါးနေသေးကြောင်း တွေ့ရှိရပါသည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးအထိ ကျား/မတန်းတူ အခွင့်အရေးရှိပါသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်း၊ အများနှင့်ဆိုင်သော သာရေး၊ နာရေး လုပ်ငန်းကိစ္စများတွင် ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ ဘုန်းတော်ကြီးကျောင်း၊ ဂေါပကအဖွဲ့၊ အရံမီးသတ်တပ်ဖွဲ့၊ လူငယ်ပရဟိတအဖွဲ့၊ ကြက်ခြေနီ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့တို့ဖြစ်ပါသည်။ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့သည် လုပ်ငန်းဆောင်ရွက်မှုအားနည်းကြောင်း တွေ့ရှိရပါသည်။ ကျေးရွာသည် မြို့နှင့်ကွာဝေးပြီး နွေရာသီတွင် မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးအသုံးပြုပုံနည်းစနစ်များ ကောင်းစွာနားမလည်သောကြောင့် မီးဘေးအန္တရာယ်ကျရောက်ပါက ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်တတ်ပါသည်။ မြို့နယ်မီးသတ်ဦးစီးဌာန၊ ပြင်ပအဖွဲ့အစည်း၊ အခြားသောဌာနဆိုင်ရာများနှင့် ချိတ်ဆက်၍ မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြ ဟောပြောပွဲများ ပြုလုပ်ပေးခြင်းဖြင့် မီးဘေးအန္တရာယ်ကျရောက်မှုများမှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။ ကျေးရွာတွင် သာရေးနာရေး၊ လူမှုရေးကိစ္စကြီးငယ် ပေါ်ပေါက်လာလျှင် ရွာသားများ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်သော အလေ့အကျင့်ကောင်းများရှိပါသည်။ သဲ့သို့ကျေးရွာအား ခြုံငုံ၍ သုံးသပ်ရလျှင် သာရေးနာရေးကိစ္စများ ဆောင်ရွက်ရန် မိရိုးဖလာဖွဲ့စည်းထားသော အဖွဲ့အစည်းများကအားကောင်းကြပြီး ကျေးရွာဖွံ့ဖြိုးရေးကို စီမံကိန်းချ၍ ရေရှည်ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းစနစ်မရှိသေးပါ။

**(ခ) သီးနှံသားငါးထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင် မိုးစပါးနှင့်ပဲအမျိုးမျိုးကို အဓိကထား စိုက်ပျိုးကြသည်။ စိုက်ပျိုးကေ အဖြစ်(၄၉၉) ဧကရှိပြီး မိုးစပါးပျမ်းမျှ(၃၀)တင်းခန့်နှင့် မတ်ပဲပျမ်းမျှ(၁၀)တင်းခန့်၊မြေပဲ ပျမ်းမျှ(၂၀)ခန့် ထွက်ရှိပါသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ အသင့်အတင့် ရရှိနိုင်ပြီး စိုက်ပျိုးရေးပစ္စည်းကုမ္ပဏီများမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုများပေးပါသည်။ တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ် သမား ရှားပါးမှုနှင့် ပြည့်စုံလုံလောက်သော လုပ်အားခမပေးနိုင်ခြင်းစသည့် ပြဿနာနှင့် ကုန်ကျစရိတ်မြင့်တက်မှုတို့ကို ရင်ဆိုင်နေရသည်။

ကျေးရွာတွင် ဒေသထွက်မျိုးရင်းများဖြစ်သော ဝက်၊ကြက်၊ဘဲတို့ကိုသာ မွေးမြူကြ သည်။ ရာသီအလိုက်ဖြစ်တတ်သောရောဂါများကြောင့် သေဆုံးပျက်စီးမှုများရှိပါသည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးကုဦးစီးဌာနတို့မှ ရရှိနိုင်သော်လည်း ဝန်ထမ်းအင်အား မလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှု အားနည်းသည်။ မွေးမြူရေးလုပ်ငန်း ပိုင်းဆိုင်ရာ အဟန့်အတားများအနေဖြင့် မွေးမြူရေးလုပ်ငန်း တည်ထောင်တိုးချဲ့ရန် ချေးငွေ ကို အလွယ်တကူမရနိုင်ကြချေ။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် အိမ်တွင်းကုန်ထုတ်လုပ်ငန်း အနည်းငယ်သာရှိပါသည်။ အခြားဝင်ငွေရ လုပ်ငန်းများမှာ နေ့စားအလုပ်များ၊ ခေါင်းရွက်ဗျက်ထိုးဈေးသယ်များ၊ သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများ၊ အရောင်းအဝယ်လုပ်ငန်းနှင့် အစိုးရဝန်ထမ်းလုပ်ငန်းများဖြစ်ကြပါသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်း အပါးမှ အသင့်အတင့်အနေအထားတွင်ရှိပါသည်။ လက်လုပ်လက်စားလုပ်ငန်းများမှာ စိုက်ပျိုးရေးလုပ်ငန်းများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင် နှင့်ဝင်ငွေ မမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါးပါသည်။ ကျေးရွာတွင် အလုပ်လုပ်ကိုင် နိုင်သော လူဦးရေများပြားခြင်းသည် ကျေးရွာ၏အလားအလာကောင်းတစ်ရပ်ဖြစ်ပါသည်။ အသက်မွေးဝမ်းကျောင်းသင်တန်းများအား တက်ရောက်နိုင်မှုနည်းပါးပါသည်။ ငွေကြေး အဆင်ပြေသော အိမ်ထောင်စုအချို့သာ သင်တန်းများသို့ တက်ရောက်နိုင်ကြပါသည်။

**(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာတွင် စပါးနှင့်အခြားသီးနှံစိုက်ခင်းများတွင် ပိုးသတ်ဆေးနှင့် ဓါတုဓါတ်မြေ ဩဇာ သုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများ အနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေး နည်းစနစ်အား အသုံးပြုမည်ဆိုပါက အဆင်ပြေနိုင်ပါ သည်။ စွန့်ပစ် ပစ္စည်းများ စီမံခန့်ခွဲမှုတွင် ပလက်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဘူးခွံ၊ ကော်နှင့်

ဆက်စပ်သော ပစ္စည်းများအား စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ဤကျေးရွာသည် မြေနိမ့်ဒေသအပိုင်းတွင် တည်ရှိ၍ ရေကြီးမှုဒဏ် နှစ်စဉ်ခံရပါသည်။ မြေနိမ့်ပိုင်းဒေသဖြစ်ခြင်းကြောင့်လည်း မုန်တိုင်းဘေးအန္တရာယ် တစ်ခါတစ်ရံ ဖြစ်ပေါ်လေ့ ရှိပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ

ကျေးရွာတွင် တောင်သူလယ်သမားများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မှ ထုတ်ချေးပေးသော ချေးငွေကို တစ်နှစ်လျှင် အတိုးနှုန်း(၀.၈၀)ကျပ်တိုးနှုန်းဖြင့် တစ်ကေ ကျပ်(၁၅၀၀၀၀/–)နှုန်းဖြင့် အများဆုံး(၁၀)ကေအတွက် ချေးယူနိုင်ကြပါသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ဝင်ငွေရလုပ်ငန်း လုပ်ကိုင်ရန် နှင့်စားသုံးရန်အတွက် ချေးယူကြပြီး ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စများအတွက် အသင့်အတင့်သုံးစွဲကြသည်။ ကျေးရွာတွင် ချေးငွေလိုအပ်ချက်များပြားကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲသော အိမ်ထောင်စုများ၏ အကြွေးတင်ရှိမှုကို လေ့လာဆန်းစစ်ချက်အရ အကြွေးပမာသည် ငွေကျပ် (၁၀၀၀၀၀/–) မှ ကျပ်(၅၀၀၀၀၀/–)အထိ ရှိကြောင်း တွေ့ရှိရပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလွန်ကျောင်းဆောင်(၁)ဆောင်ရှိပြီး (၃၀’x၆၀’) သွပ်မိုး၊ အုတ်နံရံကာ၊ အင်္ဂဒေခင်းကျောင်းဆောင်ဖြင့် သင်ကြားပေးသည်။ ကျေးရွာသားအားလုံးမှာ ရေးတတ်ဖတ်တတ်ကြပါသည်။ ကျေးရွာကျောင်းတက်နှုန်းမှာ အလယ်အလတ်အဆင့်ဖြစ်ပါသည်။ ရွာနီးပတ်ဝန်းကျင်အများစုမှာလည်း တက်ရောက်ကြသောကြောင့် ပရိဘောဂနှင့် သင်ထောက်ကူပစ္စည်းများ လိုအပ်နေပါသည်။ ကျောင်းတွင် ဆရာ/ဆရာမစုစုပေါင်း (၉)ဦး နှင့် ကျောင်းသား/သူပေါင်း (၅၂)တို့ဖြင့် ပညာသင်ကြားနေပါသည်။ ဆရာတပည့်အချိုးမှာ ညီမျှပါသည်။ ကျောင်းဖွင့်ရာသီတွင် ကျောင်းသား/သူများအတွက် ပြဋ္ဌာန်းစာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ပံ့ပိုးပေးခဲ့ပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်း မရှိသည့်အတွက် အခြားသော ကျေးရွာများသို့ သွားရောက်ကုသရပါသည်။ ကျေးရွာအနီးတွင် ဆေးဆိုင်ရှိသော်လည်း ဆေးဝါးများကို စနစ်တကျသိုလှောင်ထားခြင်းမရှိပါ။ သောက်သုံးရေအတွက် လက်နှိပ်ရေတုံကင်၊ အဝီစိတွင်းစက်တပ်များနှင့် မိုးရေလှောင်ကန်မှ ရေရရှိပြီး လုံလောက်မှုမရှိပါ။ အိမ်ထောင်စုအများစုက အိမ်သာကျင်းများကို ကွန်ကရစ်ခွေဖြင့်လည်းကောင်း၊ အုတ်ဖြင့်

လည်းကောင်း၊ ဝါးရိုင်ပတ်ဖြင့်လည်းကောင်း ဆောက်လုပ်သုံးစွဲကြပါသည်။ ကျေးရွာ၏ အိမ်ထောင်စုအားလုံးသည် ယင်လုံအိမ်သာကိုသာ ဆောက်လုပ်သုံးစွဲကြပါသည်။ ထို့ကြောင့် ယင်ကြောင့် ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုများ ရံဖန်ရံခါဖြစ်ပွားတတ်သည်။ စာသင်ကျောင်းနှင့်ဘုန်းတော်ကြီးကျောင်းတွင် လုံလောက်သော အိမ်သာများကို စနစ်တကျ ဆောက်လုပ်ထားကြောင်း တွေ့ရှိရပါသည်။

**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်သောနေရာနှင့် ကျေးရွာပိုင်အားကစားကွင်းမရှိသေးပေ။ လူငယ်များအနေဖြင့် ဘာသာရေးပွဲများနှင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။

**(ဇ) အခြေခံအဆောက်အဦ - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာတွင်းရှိလမ်းအများစုမှာ မြေသားလမ်းများဖြစ်ပြီး ကား၊ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ်၊ ဆိုင်ကယ်များနှင့် စက်ဘီးများကိုသာ အသုံးပြုသွားလာကြပါသည်။ ကုန်းလမ်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်(၁၀၉)စီး၊ စက်ဘီး(၄၀)စီး၊ သုံးဘီးဆိုင်ကယ်(၁)စီး၊ နွားလှည်း(၆၃)စီးတို့ကို အသုံးပြုလျှက်ရှိပါသည်။

ကျေးရွာတွင် လျှပ်စစ်မီးကို အသုံးမပြုနိုင်သေးပါ။ ဆိုလာစနစ်ဖြင့်သုံးစွဲသော အိမ်ထောင်စု(၁၁၆)စု၊ ရှိပါသည်။ ကျန်အိမ်ထောင်စု(၉၉)စုမှာ လျှပ်စစ်မီးအသုံးမပြုနိုင်ကြပေ။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို စျေးကွက်နှင့်အခြားဝန်ဆောင်မှုအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြပါသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်ကောင်းမွန်ပြီး သတင်းအချက်အလက် ချိတ်ဆက်မှုများအတွက် များစွာအသုံးဝင်ပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်အမှုအခင်းများ ဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ သို့သော် ကျေးရွာသူ/သားများသည် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သောသတင်းအရင်းအမြစ်များအတွက် လိုအပ်သလိုဆက်သွယ်သိရှိနိုင်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိသေးပါ။ ကျေးရွာသူ/သားများသည် ရဲစခန်းနှင့်အလွယ်တကူချိတ်ဆက်မှုများ ပြုလုပ်နိုင်သောကြောင့် ကျေးရွာအတွင်း ရာဇဝတ်မှုများ နည်းပါးပါသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတား နှင့်စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာတွင် ဆိုလာစနစ်ဖြင့်သုံးစွဲသော အိမ်ထောင်စု(၁၁၆)စုရှိခြင်းကြောင့်၊ ကျေးရွာရှိကျောင်းသူ/သား များအတွက် စာဖတ်ချိန် အထောက်အပံ့ဖြစ်ခြင်း၊ အားလပ်ချိန်တွင် ဗဟုတုတရဖွယ် သုတ၊ရသနှင့် သတင်းအစုံအလင်အား တီဗွီဖန်သားပြင်မှ ကြည့်ရှုနိုင်ခြင်းစသော လူနေမှုအတင့်အတန်း မြင့်မားလာရေးအတွက် အထောက်အကူပြုနေသည်။ လူဦးရေအားလုံး၏(၇၁%)မှာ အလုပ်လုပ်နိုင်သည့်အရွယ်များ ဖြစ်ကြသည်။ ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုအသက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များအား လေ့ကျင့်သင်ကြား ပေးခြင်းဖြင့် လူသားအရင်းအမြစ်ကို တိုးတက် ကောင်းမွန်စေပါသည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်း များနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူ လက်လှမ်းမီနိုင်ကြသည်။ ကျေးရွာသူ/သား များအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှုအတွက် အင်ပင်တိုက်နယ်ဆေးရုံနှင့် ဘက်ရဲ တိုက်နယ်ဆေးရုံများသို့လည်း သွားရောက်၍ ဆေးကုသမှုများ ခံယူနိုင်ကြသည်။

သဘာဝအရင်းအမြစ်များအနေဖြင့် လယ်ယာမြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီဩဇာအတော်အသင့် ကောင်းမွန်သည်။ တောင်သူများသည်လည်း လယ်ယာထွက်ကုန်များကို အလွယ်တကူသယ်ယူပို့ဆောင်ပေးနိုင်သည်။ မိုးရွာသွန်းမှုမှာ စပါးစိုက်ပျိုးထုတ်လုပ်မှုအတွက် အထောက်အကူဖြစ်ပါသည်။ ကျေးရွာသည် အနီးဆုံးမြို့နှင့်(၈)မိုင်၊ အဝေးဆုံးမြို့နှင့်(၁၀)မိုင်အကွာတွင် ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု မရှိသည့်အတွက် ကျေးရွာထွက်ကုန်များကို တင်ပို့ရောင်းချရန်ခက်ခဲပါသည်။ မွေးမြူရေးထွက်ကုန်များ ထုတ်လုပ်ရောင်းချရန်အတွက် နည်းပညာဆိုင်ရာ ပံ့ပိုးမှုများနှင့် ဈေးကွက်ဖန်တီးမှုများကို ပြုလုပ်ပါက အထူးတိုးတက်လာနိုင်ပါသည်။

ကျေးရွာတွင် ရာဇဝတ်မှု အမှုအခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုတို့ကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်ခြင်းကို ချောမွေ့စေပါသည်။ ကျေးရွာသူ/သားများသည် မိုဘိုင်း ဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြသဖြင့် လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်ပါသည်။ မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြပါသည်။

### (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာတွင် မြေဆီမြေဩဇာ ကောင်းမွန်သည်မှအပ အခြားသယံဇာတ အရင်းအမြစ်များ ထွက်ရှိခြင်းမရှိပေ။ စိုက်ပျိုးမြေတိုးချဲ့နိုင်မှုနှင့်ပတ်သက်ပြီး မြေလွတ်မြေရိုင်းများ

ထပ်မံတိုးချဲ့နိုင်သော်လည်း လက်ရှိမြေပေါ်တွင်သာ ထုတ်လုပ်မှုတိုးမြှင့်ရန် ဆောင်ရွက်ကြသည်။ သီးနှံများမှာ ရာသီဥတုဖောက်ပြန်ပါက ပိုးမွှားများကျရောက်သည့် အန္တရာယ်ကို ကြုံတွေ့ရသည်။

ကျေးရွာတွင် မူလွန်ကျောင်းတည်ရှိပြီး စာသင်ကျောင်းမှာကြွံခိုင်မှုအားနည်းမှုရှိပါသည်။ ကျေးလက်ကျန်းမာရေးဌာနရှိသော်လည်း ဆေးဝါးလုံလောက်မှုမရှိသဖြင့် အရေးပေါ်ရောဂါများ ဖြစ်ပွားပါက မြန်အောင်မြို့နယ် ဆေးရုံသို့ သွားရောက်ကုသရသဖြင့် အချိန်ကြာမြင့်မှုရှိပေသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှ ဝင်ငွေရှာဖွေနိုင်စွမ်း နှင့် စီးပွားရေးအနေအထား တိုးတက်ရရှိလာစေရမည်။

က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာ စွမ်းဆောင်ရည် နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

က.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် သက်မွေးဝမ်ကျောင်းနှင့် စီးပွါးရေးအုပ်စုများ ဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေး စီမံခန့်ခွဲမှုယန္တရား တိုးတက်လာစေရမည်။

က.၄) ကျွန်ုပ်တို့ကျေးရွာရှိ လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ကောင်းမွန်သော ဈေးကွက်ကြီးကို ဖန်တီးတည်ဆောက် မည်။

က.၅) ကျွန်ုပ်တို့သည် ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးများကို ချမှတ်ပြီး ကျေးရွာပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်မည်။

က.၆) ကျွန်ုပ်တို့သည် ခေတ်မီလယ်ယာများ ဖော်ထုတ်ပြီး အရေအသွေးမြင့် စိုက်ပျိုးရေး ထုတ်ကုန်များ ထုတ်လုပ်မည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင် အရင်းအနှီးချေးငွေ၊ လယ်ယာသုံး စက်ကိရိယာများ ကျယ်ပြန့်စွာ အသုံးပြုနိုင်ရေးနှင့် နည်းပညာ အသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစား ငွေကြေးလုပ်ငန်း နှင့် ချေးငွေများအတိုးနှုန်း သက်သာစွာဖြင့် ပိုမိုရရှိစေရန်အတွက် မြို့နယ်ရှိ ဘဏ်များ၊ ပုဂ္ဂလိကရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများ ရရှိပါကာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။

ခ.၂) ကျွန်ုပ်တို့သည် အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သောသင်တန်းသားများကို ရွေးချယ်စီစဉ်ပေးရမည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွါးရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အထောက်အကူပြုပေမည်။

ခ.၃) ကျေးရွာတွင် စံချိန်မီသော စာသင်ကျောင်းနှင့် ပရိဘောဂအသုံး အဆောင်ပစ္စည်းများ အလုံအလောက်ရရှိအောင် ဆောင်ရွက်သွားမည်။

ခ.၄) ကျေးရွာတွင် ရွာတွင်းလမ်း၊ ချဉ်းကပ်လမ်းတို့ကို ကောင်းမွန်အောင် ဆောင်ရွက် သွားမည်။ ကျေးရွာလူမှု အဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှု စွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

**၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက် အဆင့်မှ ကူညီဖြေရှင်းရမည့်ကိစ္စများ**

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စစ်ဆေးခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသား

များကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြု ထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင် ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ် ပမာဏပါဝင်သည့် နှစ်ပါတ်လည် ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး**

ကျေးရွာတွင် မိုးစပါး၊ ပဲနှင့် ရာသီပေါ်သီးနှံများကို စိုက်ပျိုးပါသည်။ သို့သော် ယာလုပ်သား ရှားပါးလာမှုနှင့်အတူ ရာသီဥတု ဖောက်ပြန်လာမှုတို့ကြောင့် ယာလုပ်ငန်းခွင် အချိန်မီပြီးစီးရန် အနည်းငယ်အခက်အခဲ တွေ့ကြုံရတတ်ပေသည်။ စိုက်ပျိုးနိုင်သော မြေ နေရာများရှိပြီး ဝင်ငွေကောင်းမွန်သော စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် နည်းပညာနှင့် ဈေးကွက်ဖော်ဆောင်ရေး လုပ်ငန်းများကို သက်ဆိုင်ရာ အစိုးရဌာနများနှင့် ပြည်သူလူထု ပူးပေါင်းဆောင်ရွက်သင့်ပါသည်။

**(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများဖန်တီးပေးခြင်း**

သဲဘိုကျေးရွာတွင် လူငယ်အချို့အား ၄င်းတို့ဘဝ တိုးတက်ရာ အာမခံချက်ပေးနိုင် သော အသက်မွေးဝမ်းကျောင်းဆိုင်ရာ အတတ်ပညာများရရှိအောင် ချိတ်ဆက်ကူညီ ဆောင်ရွက်မှုများ ပြုလုပ်သင့်ပေသည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများ အဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များသို့ ရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုး ရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များ ဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့် ကာလမှ ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်း ရေးဆွဲ ထားနိုင်ကြသော်လည်း ငါးနှစ်တာကာလ တစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက် မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့်ရေးဆွဲထား သည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များ သာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေး

စီမံချက်၏ ဗျူဟာမြောက်မှုဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာ လုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွါးရေး အကျိုး ဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည် မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြု သည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classifi- cation)- ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များ အလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍ အပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classifica- tion) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကိုပူးတွဲပါ ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာ အမှတ်ပေးအဆင့် ခွဲခြားခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ရမှတ် | ဦးစားပေး အဆင့် |
|---|---|---|---|---|
| ၁ | အဆောက်အဦ | ကျေးရွာတွင်းလမ်းကျောက်ရောမြေနီခင်းခြင်း | ၁၀၀ | ၁ |
| ၂ | အဆောက်အဦ | ကျေးရွာတွင်းချောင်းကူးဂုံးတံတား | ၉၀ | ၂ |
| ၃ | အဆောက်အဦ | အုပ်ချုပ်ရေးမှူးရုံး | ၈၀ | ၃ |
| ၄ | မီးလင်းရေး | လျှပ်စစ်မီးရရှိရေး | ၆၈ | ၄ |
| ၅ | အဆောက်အဦ | ကျေးလက်ကျန်းမာရေးအဆောက်အဦ | ၆၃ | ၅ |
| ၆ | ရေပေးရေး | ရေကောင်းရေသန့်ရရှိရေး | ၅၈ | ၆ |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက် ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံချက် | | အဆင့် | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းကျောက်ရောမြေနီခင်းခြင်း | ၁ | ✔ | | | | |
| ၂ | ကျေးရွာတွင်းချောင်းကူးဂုံးတံတား | ၂ | | ✔ | | | |
| ၃ | အုပ်ချုပ်ရေးမှူးရုံး | ၃ | | | ✔ | | |
| ၄ | လျှပ်စစ်မီးရရှိရေး | ၄ | | | | ✔ | |
| ၅ | ကျေးလက်ကျန်းမာရေးအဆောက်အဦ | ၅ | | | | | ✔ |
| ၆ | ရေကောင်းရေသန့်ရရှိရေး | ၆ | | | | | ✔ |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြ ထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာလုပ်အားးသဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရ အုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | | |
| | | | သာမန် အသုံး စရိတ် | ငွေလုံး ငွေရင်း အသုံးစရိတ် | စွမ်းဆောင် ရည်မြှင့် တင်ရေး | လူသားချင်း စာနာမှု ဆိုင်ရာ ထောက်ပံ့မှု |
| ၁ | ကျေးရွာတွင်းလမ်း ကျောက်ရောမြေနီ ခင်းခြင်း | | | ✔ | | |
| ၂ | ကျေးရွာတွင်း ချောင်းကူး ဂုံးတံတား | | | ✔ | | |
| ၃ | အုပ်ချုပ်ရေးမှူးရုံး | | | ✔ | | |
| ၄ | လျှပ်စစ်မီးရရှိရေး | | | ✔ | | |
| ၅ | ကျေးလက်ကျန်းမာ ရေးအဆောက်အဦ | | | ✔ | | |
| ၆ | ရေကောင်းရေသန့် ရရှိရေး | | | ✔ | | |

**၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင် တာဝန်ရှိပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင် အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကို အဓိက ယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်း များဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ–မိဘဆရာအသင်း သည် ကျေးရွာ မူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန်

တာဝန်ယူ ဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်း လုပ်ငန်းကို တာဝန်ယူ ဆောင်ရွက်စေခြင်းဖြစ်ပါသည်။

**(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့ များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်း ပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမား အဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာအကူအညီများရယူရပါမည်။

**(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှု ဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုး ရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကအဖွဲ့အစည်များ၊လူထုအဖွဲ့အစည်းများ)

